**ဦးအောင်အောင်**
ကျေးရွာအုပ်ချုပ်ရေးမှူး
ကြာကန်ကျေးရွာ



*“ ကျွန်တော့်ရွာက ဒီလုပ်ငန်းစဉ်ကနေ ကုမ္ပဏီကို တင်ပြစရာရှိလာရင် ကျေးရွာအုပ်ချုပ်ရေးမှူးအနေနဲ့ အကြံပြုစာကိုသိရှိကြောင်း လက်မှတ်ထိုးပေးရပါတယ်။ ပြီးတော့ ကုမ္ပဏီက သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ အကြံပြုစာတင်ပြသူရော အားလုံးရဲ့မျှော်မှန်းချက်နဲ့ လုပ်ငန်းစဉ် ဆောင်ရွက်ချက် အညွှန်းကိန်းတွေနဲ့ပါ ကိုက်ညီမယ့် အဖြေတစ်ခုရဖို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြပါတယ်။ တစ်ခါတစ်လေကျရင် ဘယ်ကိစ္စရပ်တွေကို ဒီလုပ်ငန်းစဉ်ကနေ ကုမ္ပဏီကို အကြံပြုတင်ပြနိုင်တယ်ဆိုတာကို ရွာကလူတွေကို တိုက်ရိုက်ပြောပြရှင်းပြပြီး တင်ပြစရာ ကိစ္စရှိလာတဲ့အခါမှာလည်း တောင်သူတွေနဲ့ရွာက ဒေသခံတွေကို တာဝန်သိသိနဲ့ တကယ်အထောက်အကူပြုတာလည်း တွေ့ရပါတယ်။ ကပ်ရောဂါနဲ့ နိုင်ငံရေးကိစ္စအပြောင်းအလဲ ကာလတွေမှာတောင် ကုမ္ပဏီက ကျွန်တော်တို့တင်ပြတဲ့ အကြံပြုချက်တွေကို ဖြေရှင်းပေးဖို့ မပျက်ကွက်ခဲ့ပါဘူး။ ကုမ္ပဏီအနေနဲ့ မဖြေရှင်းနိုင်တဲ့ သီးသန့်ကိစ္စမျိုး ရှိခဲ့ရင်တောင် ပြေလည်မယ့် အဖြေတစ်ခုရအောင် စေ့စပ်ဆွေးနွေးပြီး သေချာပြောဆိုရှင်းပြပါတယ်။ ”*



မြန်မာနိုင်ငံအလယ်ပိုင်းရှိမန်းရေနံမြေနှင့်ထိစပ်ကျေးရွာများတွင် အဓိကလုပ်ငန်းလုပ်ကိုင်သူ အဖြစ် ဆောင်ရွက်ရာတွင် ဒေသခံများ၏ အခွင့်အရေးများကိုလေးစားမှုနှင့် အသိအမှတ်ပြုအပေါ် အခြေခံ၍ ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထိန်းသိမ်းထားပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများနှင့်ဆက်စပ်သည့် စိုးရိမ်မှုနှင့်တိုင်ကြားမှုများကို ပွင့်လင်းမြင်သာပြီးတာဝန်ယူမှုရှိသည့် စီမံခန့်ခွဲမှုဖြင့် ဒေသခံများအားတက်ကြွစွာဖြင့် ထိတွေ့ဆက်ဆံဆောင်ရွက်လျက်ရှိပါသည်။

မကြာသေးခင်ကာလအတွင်း ကြိုတင်မှန်းဆခြင်းမပြုနိုင်သည့် စိန်ခေါ်မှုများရှိခဲ့သော်လည်း MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို တာဝန်ခံမှုမူဘောင်အတွင်း မရှိမဖြစ်အရေးပါသည့် ကိရိယာတစ်ခုအဖြစ် လည်းကောင်း၊ လက်တွေ့တွင် အကောင်းဆုံးရလဒ်များ ရရှိစေရန် အထောက်အကူပြုခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်ရသည့် ဒေသခံများနှင့်ဆက်သွယ်ဆောင်ရွက်မှုနှင့် ယုံကြည်မှုကိုအခြေခံ၍ ဖြစ်ထွန်းလာသည့်အလေးဂရုပြုဆက်ဆံရေးကို ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားစွာ သက်သေပြနိုင်ခဲ့သည်။ လက်ရှိအချိန်အထိ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် အကြံပြုစာ (၁၆၈) ခုကို ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဆိုလိုသည်မှာ လက်ရှိစိန်ခေါ်မှုများမည်သို့ပင်ရှိစေကာမူ ကြီးမားသည့်ပြဿနာများ မဖြစ်ပွားစေရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် ဖြေရှင်းခြင်းဖြင့် ဒေသခံများ၏ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

အကြံပြုတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် တာဝန်ယူမှုအပြင် လက်ခံရရှိသည့် အကြံပြုချက်များအရ ဖော်ထုတ်သိရှိရသည့် သင်ခန်းစာများကိုနားလည်နိုင်ရန် အကြံပြု ဆွေးနွေး ခြင်းလုပ်ငန်းစဉ်သည် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ ထို့အပြင် ကုမ္ပဏီ၏အမှုဆောင်

